# ပုညကြိယာဝတ္ထု (၁၀) ပါး

၁။ ဒါန = စေတနာဒါန၊ ဝတ္ထုဒါန (၂)

ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ (သန္နိဋ္ဌာနစေတနာ)၊ အပရစေတနာ (၃)

ဟီနဒါန = ဆန္ဒ ဝီရိယ စိတ် ပညာတို့ ခပ်ညံ့ညံ့ဖြင့် ပေးသောဒါန

မဇ္ဈိမဒါန = ဆန္ဒစသည်တို့က အလယ်အလတ်အနေဖြင့် ပေးသောဒါန

ပဏီတဒါန = ဆန္ဒစသည်တို့က ထက်ထက်သန်သန်ဖြင့် ပေးသောဒါန

ဟီနဒါန = အခြံအရံ ကျော်စောဂုဏ်သတင်းကို လိုလား၍ ပေးသောဒါန

မဇ္ဈိမဒါန = ကောင်းမှုအကျိုးကို ရလို၍ ပေးသောဒါန

ပဏီတဒါန = အကျိုးကို မမျှော်ဘဲ (သူတော်ကောင်းဖြစ်ရိုး ဒါန စောင့်ရမည် ဟုသဘောထား၍) ပေးသောဒါန

ဟီနဒါန = မိမိကို မြှောက်၍ သူတပါးကို နှိမ်ချလိုသော စိတ်ဖြင့် ပေးသောဒါန

မဇ္ဈိမဒါန = ကိုယ်စိတ်ချမ်းသာ၍ ဘဝချမ်းသာကို တောင့်တ၍ ပေးသောဒါန

ပဏီတဒါန = မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို တောင့်တ၍ ပေးသောဒါန

ဟီနဒါန = ဘဝစည်းစိမ်ကို တောင့်တ၍ ပေးသောဒါန

မဇ္ဈိမဒါန = မိမိ၏ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် မျှော်၍ ပေးသောဒါန

ပဏီတဒါန = သတ္တဝါအပေါင်း ဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် မျှော်၍ ပေး

(ဘုရား၊ အလောင်းတို့၏ ဒါနပါရမီ)

၂။ သီလ = စာရိတ္တသီလ၊ ဝါရိတ္တသီလ၊ အာဇီဝဋ္ဌမကသီလ၊ ဂဟဋ္ဌသီလ (၄)

စာရိတ္တသီလ = ပြုသင့် ပြုထိုက်တာကို မပြုသဖြင့် ကျိုး

ဝါရိတ္တသီလ = မပြုသင့် မပြုထိုက်တာကို ပြုသဖြင့် ကျိုး

၃။ ဘာဝနာ = သမထဘာဝနာ၊ ဝိပဿနာဘာဝနာ (၂)

၄။ အပစာယန = လာဘ်လာဘ နာမည်ကြီး၊ စသည်တို့ကို မမျှော်ဘဲ ရိုးရိုးသား
ရိုသေလေးစားမြတ်နိုးမှု။

၅။ ဝေယျာဝစ္စ = ကိုယ်ကျိုး၊ စသည်တို့ကို မမျှော်ဘဲ ရိုးသားသောစိတ်ဖြင့် ကူညီဆောင်ရွက်
ကြောင်းစေတနာ။

၆။ ပတ္တိဒါန = မိမိနှင့် အညီအမျှ ကုသိုလ်ရပါစေ-ဟု တစ်ဦး၊ တစ်ယောက်ကိုဖြစ်စေ
သတ္တဝါအားလုံးကိုဖြစ်စေ ပေးဝေမှု။

၇။ ပတ္တာနုမောဒန = ပေးဝေအပ်သော ကုသိုလ်အဖို့ကို ဝမ်းမြောက်ကြောင်း စေတနာ

ပတ္တိ = ဥဒ္ဒိဿိက ပတ္တိ = တစ်ဦးတစ်ယောက်ကို သီးခြားရည်ညွှန်း၍ ပေးအပ်သောအဖို့

အနုဒ္ဒိဿိက ပတ္တိ = သတ္တဝါအများကို ပေးအပ်သောအဖို့

၈။ ဓမ္မဿဝန = သူတပါးတို့၏ ချီးမွမ်းခြင်းကို မတောင့်တဘဲ အသိဉာဏ် တိုးပွား
စေဖို့ တကယ့် လေ့လာလိုသော စိတ်ဖြင့် တရားနာခြင်း၊

၉။ ဓမ္မဒေသနာ = လာဘ်ရဖို့ ပူဇော်ခံဖို့ ငွေကြေးများဖို့ နာမည်ကြီးဖို့ကို
မမျှော်ဘဲ အများအတွက် အကျိုးဖြစ်ဖို့ မျှဝေသော စေတနာဖြင့် ဟောမှု

၁၀။ ဒိဋ္ဌုဇုကမ္မ = ကောင်းမှန်အောင် ပြုအပ်သော ကံ ကံ၏အကျိုးကို ယုံကြည်တတ်သော
ကမ္မဿကတာဉာဏ်

(ကုသိုလ်စေတနာကို ပြုသောအခါဖြစ်၍ ဉာဏ်နှင့်ယှဉ်သော စေတနာကိုလည်း
ဒိဋ္ဌုဇုကမ္မ-ဟုခေါ်သည်)

ကမ္မဿကတာဉာဏ် = ကိုယ်ပြုလုပ်သည့်ကံသာ ဘဝဆက်တိုင်း လိုက်ပါနိုင်၏၊
ပစ္စည်း၊ ဥစ္စာ စသည်တို့မှာ မလိုက်ပါနိုင်၊ ကံသာ ကိုယ်ပိုင်ဖြစ်၏၊ ပစ္စည်း၊ ဥစ္စာ
စသည်တို့ကား ကိုယ်ပိုင်မဟုတ်-ဟုသိတတ်သောဉာဏ်

အယူကို ကောင်းမှန်အောင် ပြုထားကြ၍ ဒိဋ္ဌုဇုကမ္မ ဖြစ်သည့်အခိုက်မှာ
ဉာဏ်ယှဉ်မှုကြောင့် မဟာကုသိုလ်စိတ်သာဖြစ်၏ ရှေ့ကဖို့က အယူကို ကောင်းမှန်အောင်
ပြုမည်ဟု ကြံစည်ရာ ပုဗ္ဗစေတနာနှင့် နောက်အဖို့ အပရစေတနာ အခိုက်မှာကား
မဟာကုသိုလ် (၈) ပါးလုံး ဖြစ်နိုင်ကြ၏

## ပုညကြိယာဝတ္ထု အကျဉ်း (၃) ပါး

ပတ္တိဒါန၊ ပတ္တာနုမောဒန (၂) ပါးကို ဒါနမယ၌ သွင်းရာ၏၊
အပစာယန၊ ဝေယျာဝစ္စ (၂) ပါးကို သီလမယ၌ သွင်းရာ၏၊
ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ (၃) ပါးကို ဘာဝနာမယ၌ သွင်းရာ၏။

ဒိဋ္ဌိဇုကမ္မသည်ကား အလုံးစုံသော ပုညကြိယာဝတ္ထုတို့၏ အကျိုးကြီးဖို့ရာ အမှတ်လက္ခဏာဖြစ်၏၊ ဒါန သီလ စသည်တို့၌ ကမ္မဿကတာဉာဏ်ဖြစ်သော ဒိဋ္ဌိဇုကမ္မ မပါလျှင် ဆိုင်ရာအကျိုး ကြီးကြီးမားမား မဖြစ်နိုင်၊ ဒိဋ္ဌိဇုကမ္မပါမှ ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်နိုင်၏၊ ဒိဋ္ဌိဇုကမ္မ မပါလျှင် ဉာဏ်မယှဉ်သော ဉာဏဝိပ္ပယုတ်ကုသိုလ်များသာ ဖြစ်၏။

ဒိဋ္ဌိဇုကမ္မသည် ဒါန သီလ ဘာဝနာ သုံးမျိုးလုံး၏ အကျိုးကြီးဖို့ အမှတ်လက္ခဏာဖြစ်သောကြောင့် ဒိဋ္ဌိဇုကမ္မကို ဒါန သီလ ဘာဝနာ သုံးမျိုး၌ သွင်းယူလိုက်သည်။